# amfori BSCI ပါဝင်ဆောင်ရွက်သူများအတွက် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ စည်းကမ်းချက်များ[1]

## I. နိဒါန်း

ဤစာရွက်စာတမ်း၏ ရည်ရွယ်ချက်အတွက်၊ **"amfori BSCI ပါဝင်ဆောင်ရွက်သူများ"** သည် နိုင်ငံခြားကုန်သွယ်ရေးအဖွဲ့အစည်း Foreign Trade Association (amfori) ၏ အဖွဲ့ဝင်များဖြစ်ပြီး amfori BSCI (amfori BSCI) အားထောက်ခံသည့် လက်လီရောင်းချသူများ သို့မဟုတ် သွင်းကုန်လုပ်ငန်းရှင်များကဲ့သို့သော စီးပွားရေး ကုမ္ပဏီများကို ရည်ညွှန်းပါသည်။

ဤအကောင်အထည်ဖော်မှု စည်းကမ်းချက်များကို လက်မှတ်ရေးထိုးခြင်းဖြင့် amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **amfori BSCI ကျင့်ဝတ်လုပ်ထုံး**ရှိ စံတန်ဖိုးများနှင့် မူဝါဒများကို ထောက်ခံပြီး ၎င်းတို့၏ ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် ၎င်းတို့၏ အကောင်အထည်ဖော်မှုကို တိုးမြှင့်ရန် ကျိုးကြောင်းဆီလျော်ပြီး သင့်လျော်သော လုပ်ထုံးအားလုံးကို ၎င်းတို့၏ သြဇာနယ်ပယ်အတွင်းမှာ လုပ်ဆောင်သွားရန် ကတိပြုပါသည်။

ယင်းသို့ပြုလုပ်ရာတွင်၊ amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **amfori BSCI ကတိပြုမှုပုံသေနည်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။**

အောက်ပါ စည်းကမ်းချက်များသည် ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် အလုပ်ခွင်အခြေအနေများ တိုးတက်မှုရှိရေးအား ရေးရှုလျက် amfori BSCI ပါဝင်ဆောင်ရွက်သူများ၏ ကတိပြုမှုကို ပုံဖော်ပါသည်။

[1] © မူပိုင်ခွင့် amfori 2017

# II. လူမှုရေး တာဝန်ခံသော စီးပွားရေး လုပ်ငန်းဖြစ်ရန် ကတိပြုမှု

2.1. amfori BSCI ကျင့်ဝတ်လုပ်ထုံးတွင် ဖော်ပြထားသည့် ကတိပြုမှုများကို တာဝန်ယူဆောင်ရွက်ရာတွင် amfori BSCI ပါဝင်ဆောင်ရွက်သူများသည် အခြား amfori BSCI ပါဝင်ဆောင်ရွက်သူများနှင့်အတူ **ပူးပေါင်းဆောင်ရွက်မှုနည်းဖြင့်၊ အတူတကွလက်တွဲဆောင်ပါမည်၊** အရေးကြီးဆက်သွယ်ပြောဆိုမှု လိုအပ်သည့်အထူးအချိန်များတွင် အစုရှယ်ယာရှင်များနှင့်အတူ အပြုသဘောဆောင်ပြီး ပွင့်လင်းသော ဆွေးနွေးမှုတစ်ရပ်ကို မဆုတ်မနစ်ပြုလုပ်သွားပါမည်။

2.2. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးအပေါ် ၎င်းတို့၏ထောက်ခံချက်ကြောင်းကို စီးပွားရေးမိတ်ဖက်များ၊ သက်ဆိုင်ရာ အစုရှင်ယာရှင်များထံတို့ ၎င်းတို့၏ ကုမ္ပဏီအဖွဲ့အစည်းများမှတဆင့် **တက်ကြွစွာ ပြောဆိုသွားပါမည်။**

2.3. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **ကျင့်ဝတ်လုပ်ထုံးနှင့်** အကောင်အထည်ဖော်မှု စည်းကမ်းချက်များအား အပြည့်အဝလေ့လာထားရန် ၎င်းတို့၏ စီးပွားရေး မိတ်ဖက်များကို သတ်မှတ်တိုက်တွန်းရမည်။ ၎င်းတို့သည် amfori BSCI ကျင့်ဝတ်လုပ်ထုံး၊ အကောင်အထည်ဖော်မှု စည်းကမ်းချက်များနှင့် amfori BSCI ခက်ဆစ်များကို ၎င်းတို့၏ စီးပွားရေး မိတ်ဖက်များနှင့် ဆက်သွယ်ပြောဆိုရမည်ဖြစ်ပြီး ရည်ရွယ်ထားသည့် ကုန်စည်ထုတ်လုပ်စီးဆင်းမှုရှိ သက်ဆိုင်ရာ စီးပွားရေး မိတ်ဖက်အမျိုးမျိုးထံသို့လည်း အချက်အလက်ကို ဖြန့်ပေးရမည်။

2.4. amfori BSCI ကျင့်ဝတ်လုပ်ထုံး **နှင့်ဆက်စပ်သော တာဝန်များဖြည့်ဆည်းရန်နှင့် ၎င်း၏အကောင်အထည်ဖော်မှုတွင် အစဉ်အဆက် တိုးတက်မှုရှိရေး သေချာစေရန် amfori BSCI ပါဝင်ဆောင်ရွက်သူများတွင် နည်းပညာ၊ လုပ်ထုံးလုပ်နည်းနှင့် လုံလောက်သော ရင်းမြစ်များ နေရာတကျရှိထားရမည်။**

2.5. amfori BSCI ၏ စံတန်ဖိုးများ၊ လုပ်ထုံးလုပ်နည်းများဖြင့် စည်းကြပ်ထားသည့် amfori BSCI. ကျင့်ဝတ်ကို **စီးပွားရေး မိတ်ဖက်** က အပြည့်အဝ လေ့လာထားရေး ကြိုးပမ်းမှုအား **နောက်ဆက်တွဲ စစ်ဆေးရန် တာဝန်ရှိကြောင်း** amfori BSCI ပါဝင်ဆောင်ရွက်သူများက နားလည်ပါသည်။

2.6. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် ကျင့်**ဝတ်လုပ်ထုံး၏ စံတန်ဖိုးများနှင့် မူဝါဒများအား လျစ်လျူရှုခြင်း** နှင့်/သို့မဟုတ် အကောင်အထည်ဖော်မှု စည်းကမ်းချက်များချိုးဖောက်ခြင်းသည် amfori BSCI ပါဝင်သူအဖြစ် ၎င်းတို့၏ အဆင့်အတန်းအား အဆုံးသတ်ရေးအတွက် လုံလောက်သော

စည်းကမ်းဖောက်ဖျက်မှုများဖြစ်ကြောင်းကို အသိအမှတ်ပြုပါသည်။ ဤကိစ္စနှင့်စပ်လျဉ်းပြီး မိမိစကားမှန်ကန်ကြောင်း သက်သေပြရန်တာဝန်ကို amfori/amfori BSCI တွင်ထားရှိစေရမည်။

## III. လူမှုရေး တာဝန်များကို စီးပွားရေး ကုမ္ပဏီ အစဉ်အလာတွင် ထည့်သွင်းကျင့်သုံးခြင်း

**3.1.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် (ဥပမာ ဈေးနှုန်း နှင့်/သို့မဟုတ် ပေးပို့သည့်အချိန်ကဲ့သို့သော ဝယ်ယူမှု ကျင့်သုံးခြင်းများ)သည် ၎င်းတို့၏စီးပွားရေးမိတ်ဖက်များကို amfori BSCI ကျင့်ဝတ်လုပ်ထုံးအတိုင်း လိုက်နာကျင့်ဆောင်ခြင်းအရ တားဆီးထားသော အနေအထားတွင် မိတ်ဖက်များကို မထားသင့်ပါ။

**3.2.** အဝယ်တော်နှင့် အခြား ဆက်စပ်ရာ ဌာနများသည် (သို့မဟုတ် တစ်ဦးတစ်ယောက်) amfori BSCI ပါဝင်သူ၏ ကုမ္ပဏီအစဉ်အလာ ယဉ်ကျေးမှုတွင် တာဝန်သိသော လုပ်ငန်းအဖြစ် ပေါင်းစည်းရာဝယ် ဖြည့်ဆည်းကူညီပေးသည့်လုပ်ထုံးပုံစံအဖြစ် ၎င်းတို့အား လေ့ကျင့်သင်တန်းပေးရမည်ဖြစ်သလို တိုက်တွန်းလှုံ့ဆော်မှုလည်း ပြုလုပ်သင့်သည်။

**3.3.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ အဖွဲ့ဝင်ဖြစ်ပြီး 6 လအတွင်း **စည်းမျဉ်းအရ မဖြစ်မနေလုပ်ရမည့် amfori BSCI သင်တန်းများအားလုံးကို** ပြီးမြောက်ထားရမည်။

**3.4.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI အကောင်အထည်ဖော်ရာတွင် **တက်ကြွစွာပူးပေါင်းပါဝင်ပြီး နောက်ဆုံးဖြစ်သည့် အခြေအနေအထိ ဆက်ရှိနေပါမည်။**

© မူပိုင်ခွင့် amfori 2017

# IV. ကုန်စည် ထုတ်လုပ်စီးဆင်းမှုတွင် ပူးပေါင်းပါဝင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပေးခြင်း

4.1. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **လိုအပ်သည့် စွမ်းရည်များ တည်ဆောက်ရန်** နှင့် amfori BSCI ကျင့်ဝတ်တွင်ပါရှိသည့် မူဝါဒများအောင်မြင်စွာကျင့်သုံးရန်နှင့် ထိန်းသိမ်းရန် **သင်တန်းများတက်ရောက်ပြီး ၎င်းတို့၏ ဝန်ထမ်းများ** အပြင် ၎င်းတို့၏စီးပွားရေး မိတ်ဖက်များအား အထောက်အကူပြုပါမည်။

4.2. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် s **amfori BSCI ကျင့်ဝတ်လုပ်ထုံးကိုလေ့လာရန်နှင့် ဤမျှော်လင့်ချက်များပြည့်မီရန် အကူအညီပြုရန်၄ာ မိတ်ဖက်များအား အထောက်အပံ့ပေးရန် မိတ်ဖက်များ၏ စွမ်းရည်နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်ပြီး ပွင့်လင်းသော ဆွေးနွေးမှုများကို ပြုလုပ်သွားပါမည်။**

4.3. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးအား အောင်မြင်စွာအကောင်အထည်ဖော်စေနိုင်သည့် စနစ်နှင့် လုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေးတွင် **စီမံအုပ်ချုပ်ရေးနှင့် လုပ်သားများ နှင့်/သို့မဟုတ် ကိုယ်စားလှယ်များကြား တက်ကြွသော ပူးပေါင်းပါဝင်မှုကို တိုက်တွန်းအားပေးပါမည်။**

4.4. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးကို လိုက်နာကျင့်သုံးမှုနှင့် တစ်ဆင့်ချင်း ချဉ်းကပ်နည်းတွင် တိုးတက်မှုများရှိစေရေး လုပ်ဆောင်မှုတို့တွင်ရှိသော မည်သည့် ကွာခြားချက်မဆို၏ **ပြဿနာ အရင်းမြစ်ကို ဖော်ထုတ်ရန်** ၎င်းတို့၏ စီးပွားရေးမိတ်ဖက်များ (အထူးသဖြင့် စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်အားဖြတ်ကျော်ရသည့် ထုတလုပ်သူများနှင့်) နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားပါမည်။

© မူပိုင်ခွင့် amfori 2017

# V. ကုန်စည် ထုတ်လုပ်စီးဆင်းမှုတွင် ကြိုတင် စုံစမ်းလေ့လာမှု

5.1. amfori BSCI ပါဝင်ဆောင်ရွက်သူများက **ဝီရိယစိုက်၍ ဆောင်ရွက်သွားရန် ကတိပြုထားသည်မှာ** (a) amfori BSCI ကျင့်ဝတ်လုပ်ထုံးပါ စံတန်ဖိုးများနှင့် မူဝါဒများနှင့်ဆန့်ကျင်သော ၎င်းတို့၏ စီးပွားရေးကြောင့်ဖြစ်သည့် အလားအလာရှိသော တန်ပြန်ဆိုးကျိုးများနှင့် အမှန်တကယ် ဆိုးကျိုးများကိုစိစစ်သွားရန်၊ (b) ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် ဤတန်ပြန်ဆိုးကျိုးများ ဖြစ်ပွားနိုင်သည့် ကြီးမားသိသာသော ဘေးအန္တရာယ်များကို ဖော်ထုတ်ရန် နှင့် (c) ထိုဆိုးကျိုးများမဖြစ်ရေး တားဆီးကာကွယ်ရန် ဆောင်ရွက်ခြင်း နှင့်/သို့မဟုတ် amfori BSCI ကျင့်ဝတ်လုပ်ထုံးနှင့်အညီ ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းရန်ဖြစ်သည်။

5.2. amfori BSCI ပါဝင်ဆောင်ရွက်သူများသည်၎င်းတို့၏ စီးပွားရေး မိတ်ဖက်များ၏ တာဝန်သိ အပြုအမူအကြောင်းနှင့်ဆက်စပ်၍ **ယုံကြည်ရသောအချက်အလက်များ စုဆောင်းပြီး စိစစ်ကာ** ဝီရိယရှိရှိဖြင့် ပြုလုပ်ထားသည့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို သိမ်းဆည်းရမည်။

5.3. amfori BSCI ပါဝင်ဆောင်ရွက်သူများသည်အလုပ်ခွင် အခြေအနေ တိုးတက်ရေးအား ရေးရှုသော လိုအပ်သည့်အပြောင်းအလဲများ တိုးမြှင့်ဆောင်ရွက်ရန် **amfori BSCI စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းသင့်သော စီးပွားရေး မိတ်ဖက်များကို ဖော်ထုတ်ပါသည်။** ၎င်းတို့သည် amfori BSCI ကျင့်ဝတ်လုပ်ထုံးပါ မူဝါဒများနှင့်ဆက်စပ်သော မည်သည့် ကွာခြားချက်မဆို၏ အကြောင်းရင်းမြစ်နှင့် ဆက်စပ်သည့် **နောက်ထပ်အသေးစိတ်အချက်လက်ကို ရှာဖွေပြီး** ရင်းမြစ်ထုတ်ယူမှုမှာ ဘေးအန္တရာယ် မြင့်မားသော ဒေသများ သို့မဟုတ် ကဏ္ဍများဖြစ်သည့်အခါ လိုအပ်သည့် တည့်မတ်ပြုပြင်ပေးသော ဆောင်ရွက်ချက်များကို တက်ကြွစွာ၊ ပြီးပြည့်စုံစွာဖြင့် အထူး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

5.4. amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **၎င်းတို့၏စီးပွားရေး မိတ်ဖက်များ (အထူးသဖြင့် amfori BSCI စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းစဉ်တွင် ပါဝင်သူ) က** amfori BSCI ကျင့်ဝတ်လုပ်ထုံးအား လိုက်နာကျင့်သုံးမှု နှင့်/သို့မဟုတ် စောင့်ထိန်းမှုတွင် သူတို့၏ တိုးတက်မှုများအပြင် သူတို့ ပါဝင်ပတ်သက်နေနိုင်သည့် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများ၊ မူဝါဒများနှင့်အညီ တန်ပြန်ဆိုးကျိုးများအား ထိရောက်စွာ တုန့်ပြန်ဖြေရှင်းမှုအကြောင်းကို ပုံမှန် အစီရင်ခံရန် လိုအပ်ပေသည်။

© မူပိုင်ခွင့် amfori 2017

**5.5.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် ကုန်စည်ထုတ်လုပ်စီးဆင်းမှုကြောင့်ဆိုးကျိုးသက်ရောက်ခံရသည့် တစ်ဦးတစ်ယောက်နှင့် ရပ်ရွာများကို တုန့်ပြန်ရန် ထိရောက်သည့် **လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အဆင့် နစ်နာချက် လုပ်ထုံးလုပ်နည်း** တွင် ပူးပေါင်းပါဝင်သင့်သလို တတ်နိုင်သည့် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ပြုသင့်သည်။

## VI. အချက်အလက် စီမံခန့်ခွဲခြင်း

**6.1.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI နှင့်အခြား ပါဝင်ဆောင်ရွက်သူများအတွက် ဆက်စပ်နေနိုင်သည့် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများနှင့် မူဝါဒများနှင့်အညီ **တန်ပြန်ဆိုးကျိုးသက်ရောက်မှု တစ်ခုအား တုန့်ပြန်ရာတွင် မည်သည့်ထိရောက်မှုမဆိုအား amfori BSCI ဥက္ကဋ္ဌထံသို့ တက်ကြွစွာ အသိပေးအပ်ရမည်။**

**6.2.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **ဆိုးကျိုးသက်ရောက်မှုခံရနိုင်သည့် အလားအလာရှိသည့် အစုရှယ်ယာရှင်များ၏ စိုးရိမ်ပူပန်မှုများကို နားလည်ရန်ကြိုးစားရမည်ဖြစ်သလို၊** ယုံကြည်စိတ်ချရလောက်သော၊ သီးခြားလွတ်လပ်သော အဖွဲ့အစည်းပြင်ပရှိ အထူးကျွမ်းကျင်သူများဖြင့် တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်ရယူသည့် အစုရှယ်ယာရှင်များကိုလည်း နားလည်ပေးရပါမည်။ ၎င်းတွင် အစိုးရများ၊ သာမန်အရပ်သားနှင့် အလုပ်သမား ကိုယ်စားလှယ်များပါဝင်ပေသည်။

**6.3.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများနှင့် မူဝါဒများနှင့်သွေဖည်၍ ဆိုးကျိုးသက်ရောက်စေနိုင်သည့် **၎င်းတို့စီးပွားရေးမိတ်ဖက်များ၏ အရေးကြီးသော မတော်တဆမှု တစ်ခုခုအကြောင်းကို သူတို့ သတိပြုမိမိချင်း amfori BSCI ထံသို့ ချက်ချင်း အကြောင်းကြားရန် ကတိပြုပါသည်။**

**6.4.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **amfori BSCI ပလက်ဖောင်းကို နောက်ဆုံးရဖြစ်ပြီး တိကျမှန်ကန်သည့် အချက်အလက်များဖြင့် ထိန်းသိမ်းစေရမည်ဖြစ်၍ အဆိုပါ ချက်အလက်များကို ကိုယ်ရေးကိုယ်တာနှင့် အချက်အလက်လုံခြုံရေး ဥပဒေများ၊ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ အသုံးပြုရန် ၎င်းတို့၏ ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များအား လမ်းညွှန်သင်ပြပေးရမည်။**

**6.5.** amfori BSCI ပါဝင်ဆောင်ရွက်သူများသည် **၎င်းတို့၏ စီးပွားရေး မိတ်ဖက်များ (အထူးသဖြင့် amfori BSCI တွင် စောင့်ကြည့်ခံရသူများ) မှာ** amfori BSCI စုပေါင်းမှု အစီအစဉ်ဖြစ်သည့် Witness Audits, Duplicate Audits နှင့် Random Unannounced Checks (RUC) စသည့်စုံစမ်းစစ်ဆေးမှု လုပ်ထုံးများတွင် ပါဝင်ရမည်ကို သဘောတူပါသည်။

---

*ကုမ္ပဏီကိုယ်စား ရေးထိုးသည့် လက်မှတ်*

---

*လက်မှတ်ရေးထိုးသည့် ရက်စွဲ*

---

*ကုမ္ပဏီ၏ အမည်*

---

*လူပုဂ္ဂိုလ်၏ အမည်*

© မူပိုင်ခွင့် amfori 2017